NATIONAL DEMOCRATIC FRONT

★★★(BURMA)★★★

P.O. Box – (101), Maesod, Tak. 63110, Tel / Fax (+ 66) 55 531 463, Email: ndfburma@hotmail.com. Website: ndf-burma.blogspot.com

# ကိုးကန့်အမျိုးသားတပ်ဖွဲ့ ကို မတရားကျူးကျော်ဝင်ရောက်သော နအဖ စစ်အုပ်စု၏လုပ်ရပ်ကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချသည့်

## "ထုတ်ပြန်ကြေညာချက်"

၁။ ကိုးကန့်အမျိုးသားတို့၏ပိုင်နက်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်တပ်စွဲခြင်း၊ ကိုးကန့်တပ်ဖွဲ့ခေါင်းဆောင်များ၏ အိမ်တွင်းသို့ မတရားကျူးကျော်ရှာဖွေခြင်းနှင့် ကိုးကန့်တပ်ဖွဲ့တို့၏ တပ်တွင်းကိစ္စကို ဝင်ရောက်သပ်လျှိုဖြိုခွဲပြီး နိုင်ငံရေးအမြတ်ထုတ်သော နအဖ စစ်အုပ်စု၏ ကောက်ကျစ်သောလုပ်ရပ်များကို မိမိတို့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – NDF က ပြင်းထန်စွာကန့်ကွက်ရှုတ်ချလိုက်ပါသည်။ ယခုကဲ့သို့ ပြုလုပ်ခြင်းသည် ကိုးကန့်အမျိုးသားတပ်ဖွဲ့ တဖွဲ့တည်းကိုသာကျူးကျော်ရန်စလိုက်ခြင်း မဟုတ်ဘဲ ကိုးကန့်တပ်ဖွဲ့တို့နှင့်မဟာမိတ်ပြုထားသောအခြားတိုင်းရင်းသားတပ်ဖွဲ့များကိုပါ စော်ကားလိုက်ခြင်းဖြစ်သည်။

၂။ နအဖ တပ်ဖွဲ့မှ အပြစ်မျိုးစုံပြပြီး ကိုးကန့်ခေါင်းဆောင် ဦးဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်တပ်ဖွဲ့ကို တဖက်လှည့်နည်းဖြင့် အာဏာသိမ်းလိုက်ခြင်းသည် ယခင် မုံးကိုး၊ ပလောင်နှင့် ရလလဖ–SPNLO အရေးအခင်းကဲ့သို့ ပြဿနာဖန်တီးကာ တိုင်းရင်းသားတို့၏လက်နက်ကိုင်တပ်ဖွဲ့ကို ဖြုတ်ချရန်ပင်ဖြစ်သည်။ ထို့ကြောင့် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် မိမိတို့တပ်ဖွဲ့အကြားကိစ္စရပ်များကို ငြိမ်းချမ်းစွာဆွေးနွေးဖြေရှင်းရန် မဒတ တပ်ပေါင်းစုမှ အလေးအနက်တိုက်တွန်းလိုက်ပါသည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့သည် နအဖ ၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းခြင်းကို လက်မခံ ငြင်းဆန်လိုက်သောကြောင့် အပြစ်မျိုးစုံဖန်တီးကာ ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့နယ်မြေကို ပြောင်ပြောင်တင်းတင်း ကျူးကျော်တပ်စွဲလိုက်ခြင်းဖြစ်သည်။ နအဖ စစ်အုပ်စုအနေဖြင့် တိုင်းရင်းသားပြဿနာကို ဖြေရှင်းရန် ဆန္ဒလုံးဝမရှိပဲ အလုံးစုံချေမှုန်း ရေးပြုလုပ်ပြီး ပြည်တွင်းစစ်မီးကို ပိုမိုတောက်လောင်ရန်ကျူးကျော်စစ်ခင်းလိုက်ခြင်းဖြစ်သည်။ ထို့အတူ အိမ်နီးချင်းနိုင်ငံများက နယ်မြေ တည်ငြိမ်ရေးအတွက် ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန် တောင်းဆိုသည့်ကြားက တဘက်သတ်ကျူးကျော်လိုက်ခြင်းဖြစ်သည်။

၄။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည် ကို မတရားသည့်စီရင်ချက်ချမှတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသောအကျပ်အတည်း၊ ကျင်းပရန်ခက်ခဲနေသည့် ၂၀၁၀ ရွေးကောက်ပွဲ၊ ရဟန်းရှင်လူတိုင်းရင်းသားပြည်သူလူထုတို့၏ဖိအား၊ နိုင်ငံတကာဖိအားအစရှိသည့် အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့နေချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအပေါ် ကျူးကျော်စစ်ပွဲများဖန်တီးကာ နိုင်ငံရေးအမြတ်ထုတ်ရန် နအဖ စစ်အုပ်စုက နည်းလမ်းပေါင်းစုံကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာပြည်တွင် နိုင်ငံရေးမတည်မငြိမ်ဖြစ်ကာ လုံခြုံမှုကင်းမဲ့အောင် အဓိကပြုလုပ်နေသောတရားခံမှာ နအဖ စစ်အုပ်စုသာဖြစ်သည်။ ထိုကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမိသားစုတို့မှ နအဖ စစ်အုပ်စု၏လုပ်ရပ်ကို ဝိုင်းဝန်းဟန့်တားကြပါရန် မဒတ တပ်ပေါင်းစုမှ အလေးအနက်ပန်ကြားအပ်ပါသည်။

၅။ နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားပြည်သူလူထုပေါင်းစုံတို့၏ ဘုံရန်သူ နအဖ စစ်အုပ်စုကို တရားသောခုခံတော်လှန်စစ်ဖြင့် စစ်မျက်နှာအစုံဖွင့်ကာ ဝိုင်းဝန်းတော်လှန်သည်မှတပါး အခြားနည်းလမ်းမရှိပြီဖြစ်သောကြောင့် အပစ်ရပ်ထားသည့် လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်တော်လှန်ဆဲတိုင်းရင်းသားတပ်ဖွဲ့များတို့မှ နိုင်ငံရေး၊ စစ်ရေးသဏ္ဍာန်ပေါင်းစုံဖြင့် နအဖ ဖက်ဆစ်စစ်အုပ်စုကို ဝိုင်းဝန်းစုပေါင်းဖယ်ရှားကြရန် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု မှ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

"တပ်ပေါင်းစုဖြင့် အောင်ပွဲခံရမည်"

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)

ရက်စွဲ –၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့။

**Media Contact**

ဥက္ကဋ္ဌ – (၆၆) ၀၈၇ ၂၀၇ ၉၂၉၆၊ အထွေထွေအတွင်းရေးမှူး – (၆၆) ၀၈၆ ၂၀၆ ၄၀၄၅